Australian Government
Department of Social Services

# အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှု

DSS1815.02.16

လူတိုင်းသည် ၎င်းတို့၏ မိသားစုကို ပျော်ရွှင်ပြီး၊ ကျန်းမာကာ ဘေးကင်းစေလိုသည်။



ကျွန်ုပ်တို့၏ နေအိမ်နှင့် ရပ်ရွာတွင် အကြမ်းဖက်မှုမှ ကင်းဝေးရန် အခွင့်အရေး ကျွန်ုပ်တို့ အားလုံးတွင်ရှိသည်။



ဩစတြေးလျတွင် အမျိုးသမီးနှင့် အမျိုးသား တန်းတူအခွင့်အရေးရှိသည်။




မိသားစုတွင်း အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုနှင့် အတင်းအကျပ် လက်ထပ်ပေးခြင်းသည် အိမ်တွင်းတွင် ပေါ်ပေါက်စေကာမူ ၎င်းတို့သည် ဩစတြေးလျတွင် ပြစ်မှုများဖြစ်သည်။ မိသားစုတွင်း အကြမ်းဖက်မှုသည် ရိုက်နှက်မှုသာမကပေ။ ၎င်းသည် ကြမ်းတမ်းစွာ အော်ဟစ်ခြင်း၊ ကလေးများကို ခြိမ်းခြောက်ခြင်း၊ မိသားစုငွေကြေးကို ထိန်းချုပ်ခြင်း သို့မဟုတ် ကြင်ဖော်အား မိတ်ဆွေများနှင့် မိသားစုကို တွေ့ဆုံခြင်းမှ တားမြစ်ပိတ်ပင်ခြင်းဟု အဓိပ္ပါယ် သက်ရောက်နိုင်သည်။



ဩစတြေးလျမှ ရဲတပ်ဖွဲ့သည် စိတ်ချရပြီး ယုံကြည်အားထားနိုင်ပါသည်။ သင် သို့မဟုတ် သင်သိသောသူ တစ်ယောက်သည် လက်ငင်း အန္တရာယ် ကျရောက်နေပါက**000** ဖြင့် ရဲတပ်ဖွဲ့ကို ပြောဆိုပါ သို့မဟုတ် ဖုန်းဆက်ပါ။




သင့်အား ဘေးအန္တရာယ်ကင်းရှင်းပြီး ပျော်ရွှင်စေရန် ကူညီနိုင်သော ယဉ်ကျေးမှုအရစာနာတတ်သည့် ဝန်ဆောင်မှုများ ဩစတြေးလျတွင်ရှိသည်။




အောက်ပါတို့နှင့် ပတ်သက်၍ သင် အကူအညီ ရယူနိုင်သည်။

- အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှု၊
- လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု
- အတင်းအကျပ် လက်ထပ်ပေးခြင်း
- ကလေးအား မတရားဖိနှိပ်ခြင်း
- နှုတ်ဖြင့်ဆဲရေးတိုင်းထွာခြင်း




သင် အန္တရာယ်ကျရောက်နေပါက **000** ဖြင့် ရဲတပ်ဖွဲ့ကို ဖုန်းဆက်ပါ။

သင် လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးမှုနှင့် အချက်အလက် လိုအပ်ပါက
**1800 RESPECT** ကို **1800 737 732** ဖြင့် ဖုန်းဆက်ပါ။
သို့မဟုတ် ဝက်ဘ်ဆိုက် **www.1800RESPECT.org.au** ကို ဝင်ရောက်ကြည့်ရှုပါ။

သင်သည် အတင်းအကျပ် လက်ထပ်ပေးခြင်း အန္တရာယ် ကျရောက်နေပါက *ဩစတြေးလျ ဗဟိုအစိုးရ ရဲတပ်ဖွဲ့* (**Australian Federal Police**) ကို **131 237** ဖြင့် ဖုန်းဆက်ပါ။

သင် စကားပြန် တစ်ယောက် လိုအပ်ပါက ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (**Translating and Interpreting Service**)ကို**131 450** ဖြင့် အခမဲ့ ဖုန်းဆက်ပါ။

Interpreter

(C) CALDWorld M: 0419525119